**(၁) အပင်အူပုပ် ရောဂါ (Phytophthora heart (top) rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Phytophthora nicotianae* Breda de Haan**

**ရောဂါလက္ခဏာများ**

အပင်၏အတွင်းပိုင်း အရွက်များ၏ အရောင် သည် အဝါရောင်၊ ကြေးနီဖျော့ရောင်ပြောင်းသွား သည်။ နောက်ပိုင်းတွင် အရွက်သည်ညှိုးသွားသည်။ အရွက်နုများ၏ အရင်းပိုင်းရှိ အဖြူရောင်တစ်ရှူး သားများ ပျော့၍ပုပ်လာပြီး အနံ့ဆိုးများထွက်လာသည်။ ရောဂါကျနေ သော အရွက်များအား အပင်မှ အလွယ်တကူ ဆွဲနှုတ်နိုင် သည်။ ရောဂါပြင်းထန်လာပါက အပင်သေသွားသည်။ ခံနိုင်ရည်မရှိ သောမျိုးများတွင် ရောဂါသည် အသီးညှာမှတစ်ဆင့် အသီးထိ ကူးစက်ပြီး အသီးကိုပုပ်စေသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသောအပင်မှ သားတက်ကို ပျိုးပင်အဖြစ်ယူစိုက်ပါ။
- အပင်အားမြေကြီးထဲနက်နက်မစိုက်ရ။
- ရောဂါကျအပင်အားချက်ချင်းနှုတ်ယူဖျက်ဆီးပစ်ပါ။
- စိုက်ခင်းအတွင်း အသုံးပြုသော ကရိယာပစ္စည်းများအား ပိုးသတ်ပြီးမှ ဆောင်ရွက်ပါ။
- စိုက်ခင်းအားရေမဝပ်စေရန်ဆောင်ရွက်ပါ။
- ဘောင်စနစ်ဖြင့်စိုက်ပျိုးပြီး ရေထုတ်မြောင်းများတူးထားပါ။
- ရောဂါကျရောက်ပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်း အသုံးပြုပါ။

  Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)၊ Fosetyl-Al (ဖော့စတိုင်-အေအယ်လ်)